အသင်တို့ လမြတ်ရမဿွာန်မတိုင်မီ တစ်ရက် သို့မဟုတ်

နှစ်ရက်ကြိုတင်၍

ရိုဇာဥပုသ်စောင့်ထိန်းခြင်းမပြုကြနှင့်။ သို့ရာတွင်တစ်ဦးတစ်ယောက်သည် (အစကတည်းက)

ရိုဇာဥပုသ်စောင့်ထိန်းနေကျဖြစ်ပါက ထိုသူသည် (ထိုနေ့တွင်လည်း) ရိုဇာဥပုသ် စောင့်ထိန်းပါလေ။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ "အသင်တို့ လမြတ်ရမဿွာန်မတိုင်မီ တစ်ရက် သို့မဟုတ်နှစ်ရက်ကြိုတင်၍ ရိုဇာဥပုသ်စောင့်ထိန်းခြင်းမပြုကြနှင့်။ သို့ရာတွင်
တစ်ဦးတစ်ယောက်သည် (အစကတည်းက) ရိုဇာဥပုသ်စောင့်ထိန်းနေကျဖြစ်ပါက ထိုသူသည် (ထိုနေ့တွင်လည်း) ရိုဇာဥပုသ် စောင့်ထိန်းပါလေ။" [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝဆလ္လမ်)က လူတစ်ဦးသည် သတိထားဆင်ခြင်သည့်အနေဖြင့်လမြတ်ရမဿွာန်မတိုင်မီ တစ်ရက် သို့မဟုတ် နှစ်ရက်ကြိုတင်၍ရိုဇာဥပုသ်စောင့်ထိန်းခြင်းအား တားမြစ်တော်မူခဲ့သည်။ ဤသို့တားမြစ်ရခြင်း၏အကြောင်းရင်းမှာ လမြတ်ရမဿွာန်၏ ရိုဇာဥပုသ်စောင့်ထိန်းခြင်းသည် ဆန်းဦးစလကိုမြင်ခြင်းအပေါ်၌သာ မူတည်ပြီး မလိုအပ်ဘဲ အတင်းအကြပ် ပြုလုပ်ရန် မလိုအပ်သောကြောင့်ဖြစ်သည်။ သို့ရာတွင် တစ်ဦးတစ်‌ယောက်သည် နဂိုကတည်းက ရိုဇာဥပုသ်စောင့်ထိန်းခြင်းကိုပုံမှန်ပြုလုပ်နေကျဖြစ်ပါက ဥပမာ- တစ်ရက်ခြားရိုဇာထားခြင်း သို့မဟုတ် တနင်္လာနေ့သို့မဟုတ် ကြာသပတေးနေ့များတွင် ရိုဇာစောင့်ထိန်းနေကျဖြစ်ပြီး၊ ထိုပုံမှန်ရိုဇာ‌စောင့်ထိန်းနေကျနေ့သည် လမြတ်ရမဿွာန်မတိုင်မီ တစ်ရက် သို့မဟုတ်နှစ်ရက်အလိုနှင့် ကြုံကြိုက်သွားပါက ထိုသူသည် ထိုနေ့တွင် ရိုဇာ‌စောင့်ထိန်းနိုင်သည်။အကြောင်းမှာ ယင်းသည် လမြတ်ရမဿွာန်ကို ကြိုဆိုခြင်းသဘော မဟုတ်သောကြောင့်ဖြစ်သည်။ထို့အတူ ဝါဂျစ်ဗ်ရိုဇာများဖြစ်သည့် ကဿွာရိုဇာ (လစ်ဟင်းခဲ့သော ရိုဇာများကိုဖြည့်စွက်ခြင်း) နှင့် နဇ်ရ်ကိုးထားသည့် ရိုဇာများကိုလည်း လမြတ်ရမဿွာန်မတိုင်မီတစ်ရက်သို့မဟုတ်နှစ်ရက်အလိုတွင်စောင့်ထိန်းနိုင်သည်။

https://sunnah.global/hadeeth/my/show/4508


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee